**အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၆ခုနှစ်၊နိုဝင်ဘာလအတွင်း အလုပ်သမားရေးရာဆိုင်ရာဆောင်ရွက်ချက်များ**

နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံအလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှစဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျှက်ရှိပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား (၄၄၅၆)ဦး၊မ (၁၃၁၁၅)ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း(၁၇၅၇၁)ဦးချုပ်ဆိုခဲ့ပါသည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကိုညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကိုဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း လက်ခံရရှိမှု (၁၀၄)မှုတွင် ကျေအေးမှု (၂၁)မှု၊ ပြည်နယ်နှင့်တိုင်းခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု(၁၈)မှုတို့ဖြစ်ပြီး ကျန်(၆၅)မှု အတွက် ခံစားခွင့်ရှိသူ(၁၀၆၉)ဦး အား ငွေကျပ် ၃၈၇,၀၃၈,၃၆၀/- နှင့် US$- ၄၉၂၂ ကိုခံစားစေခဲ့ပါသည်။

အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့်အများပြည်သူအလုပ်ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့်ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင်ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ် သိန်းပေါင်း ၇၀၀၀ ကျော် နှင့် US$ - ၅၂၈ ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေး အသိပညာရရှိ စေရန်အတွက် မြို့နယ်အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ/အလုပ်ရုံ(၁၄၄၁)ရုံမှ အလုပ်ရှင်၊အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာနှင့်ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအားပညာပေးဟောပြောပို့ချမှု(၃၆၇)ကြိမ်ဆောင်ရွက်ခဲ့ပါသည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့်ခုံသမာဓိကောင်စီမှအမှု(၆)မှုကိုဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား(၆၆)ဦး အတွက်ငွေကြေးအကျိုး ခံစားခွင့် ကျပ် ၂၅,၁၆၇,၄၀၄ ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့ အနေဖြင့် အမှု (၁၁)မှုကိုဖြေရှင်းဆောင်ရွက် ပေးခဲ့ရာအလုပ်သမား (၈)ဦး အတွက် ငွေကြေးအကျိုးခံစားခွင့် ကျပ် ၁,၂၆၁,၃၀၀ ရရှိစေခဲ့ပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင်အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ များရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသ ပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများ

အားငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၆၀၀၀ကျော် အကျိုးခံစားခွင့် ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၀၁၈၉ ဦး အတွက်ဆေးဖိုးကုန်ကျငွေ ကျပ်သိန်း ၁၅၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့ပါသည်။အာမခံအလုပ်သမားများအား ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသ ပေးမှုအခြေအနေများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှု ဦးရေ |
|---|---|---|
| (က) | အလုပ်သမားဆေးရုံကြီး (၃)ရုံ<br>(ပြင်ပလူနာ ၆၈၅၉ ဦး ၊ အတွင်းလူနာ ၇၂၅ ဦး) | ၇၅၈၄ ဦး |
| (ခ ) | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ ဌာနကြီးဆေး ခန်း(၅၀)ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း တို့မှ ဆေးကုသပေးမှု | ၄၉၉၈၄ ဦး |
| (ဂ ) | အလုပ်သမားဆေးရုံကြီး (၃)ရုံ မှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု (၃)ကြိမ် | ၆၈၇ ဦး |
| (ဃ) | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၁၆၂)ကြိမ် | ၂၈၀၁ ဦး |
| (င ) | နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့် ကွင်းဆင်းဆေးကုသပေးမှု | ၄၉၉၁ ဦး |